# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်**

**(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမဆုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၄၁၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၅၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၉-၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော် ကိုယ်စားလှယ်များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော်ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြ သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၁၈ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်နှင့်

(၂) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်တို့ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ယူထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ

၁၅ ဦးတို့ ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး ယနေ့ခွင့်ပြုထားသူ ၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကိုလည်းကောင်း၊ ဘဏ်နှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊

အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး သတ္တမနေ့ (၁၈-၂-၂၀၁၆)ခုနှစ်မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဒေါက်တာသန်းမြင့်၊ လှိုင်သာယာမဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် -

| | | | |
|---|---|---|---|
| (၁) | ဦးစိုးမြင့် | ပင်းတယမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဒေါက်တာဒေါ်သက်သက်ခိုင် | ဒဂုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဦးစိုးအောင်နိုင် | ကျုံပျော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးမျိုးဇော်ဦး | လယ်ဝေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဒေါ်ချိုချို | အုတ်တွင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးကံမြင့် | သရက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးသက်နိုင်ဦး | ရေဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးခွန်အောင်ကျော် | ဟိုပုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးဦးလှစော | မြောက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးစိုင်းထွန်းအောင် | ကျောက်မဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးသောင်းအေး | ပျော်ဘွယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးသန်းစိုး | သာစည်မဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |

**မူကြမ်း**

(၁၃) ဗိုလ်မှူးချုပ်တင်စိုး တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့(၁၈-၂-၂၀၁၆)ခုနှစ်မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးရန်လင်း၊ ကျိုက်လတ်မဲဆန္ဒနယ်အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးမောင်မောင်ဦး၊ အင်းစိန်မဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် -

| | | | |
|---|---|---|---|
| (၁) | ဦးမျိုး | ချောင်းဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဦးစောထွန်း | မုဒုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဦးဝင်းထူး | နမ့်ဆန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးတိုးရွှေ(ခ)<br>ဒေါက်တာတင်ဌေးအောင် | ရေစကြိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဒေါက်တာသန်းအောင်စိုး | မင်းလှမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းခတ္တိယ | မိုင်းဆတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးခွန်သန်းထူး | ဆီဆိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးစိုင်းသန့်ဇင် | သီပေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးခင်မောင်မြင့် | ရပ်စောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးရွှေကို | ကျောက်ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးမိုးရွှေ | ပူတာအိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးမြင့်ဝေ | ဂွမဲဆန္ဒနယ် | အဖွဲ့ဝင် နှင့် |

(၁၃) ဗိုလ်မှူးကြီးခင်မောင်ထွန်း တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင် တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကို လည်းကောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၇ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပညာရေးမြှင့်တင်မှုကော်မတီမှာ ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ (၁၈-၂-၂၀၁၆)ခုနှစ်မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ပညာရေး မြှင့်တင်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပညာရေးမြှင့်တင်မှုကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဒေါက်တာတင်အောင်၊ ကျောက်ဆည်မဲဆန္ဒနယ်အား လည်းကောင်း၊ အတွင်းရေးမှူး အဖြစ် ဦးခမ်ခန့်ထန်၊ တွန်းဇံမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် -

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာဆလိုင်းရီယန်းဗဲလ် | ဖလမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဒေါက်တာမောင်သင်း | မိတ္ထီလာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဦးစောကျော်ဝင်းမောင် | ကျိုက်မရောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးတင်လှ | ဓနုဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးရွှေလှ(ခ)ဦးရွှေလှဝင်း | သယ်န်းကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးမျိုးညွန့် | ဟုမ္မလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၇) | ဦးစိန်ဟန် | ကံမမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးဝင်းအောင် | မိုးကောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးမြင့်ထွန်း | တန့်ဆည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးမြင့်ငွေ | ကျောက်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးနန်မွန်ထင် | မချမ်းဘောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်ရွှေ | ရမ်းဗြဲမဲဆန္ဒနယ် | အဖွဲ့ဝင် နှင့် |

(၁၃) ဗိုလ်မှူးချုပ်စိုးမြင့် တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင် တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပညာရေးမြှင့်တင်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရေးကိုဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ကျွန်တော့်အနေနဲ့ ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေး

နှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၁။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏လုပ်ငန်းတာဝန်ဆောင်ရွက်မှု အခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၂။ ကော်မတီသည်-

(က) ကျန်းမာရေးမြှင့်တင်မှု ကော်မတီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) ပြည်သူတို့၏ ကျန်းမာရေးတိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်ရမည်။

(ဂ) ပြည်သူများ၏ကျန်းမာရေးတွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သော ဥပဒေပြဋ္ဌာန်းရန်ရှိပါက လေ့လာ၍ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်။

(ဃ) အားကစားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်၊

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့်ဥပဒေများကို လေ့လာ၍ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်၊

(စ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက အခါအားလျော်စွာ ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်း

လိုက်သည့် ဥပဒေနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်၊

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနဲ့ ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်၊

ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့်တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟုယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၃။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၄။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်ပြရမည်။

မူကြမ်း

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်ထားသည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၅။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၆။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်ထားသည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၇။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲဥပဒေအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

( ခ ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌရဲ့ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

အားလုံးကို ကျေးဇူးတင်ပါသည်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၁၀ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန် လျာထားတဲ့ ကိုယ်စားလှယ်များကတော့ -

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာစံရွှေဝင်း | ရေကြည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဒေါက်တာအောင်ခင် | ပြင်ဦးလွင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဒေါက်တာခင်စိုးစိုးကြည် | ပြည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဒေါက်တာဒေါ်သန်းငွေ | တောင်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၅) | ဒေါက်တာခင်ဆောင် | ကျိုက်ထိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာဒေါ်ခင်ညို | ဒေးဒရဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဒေါက်တာသန်းဝင်း | မြောက်ဥက္ကလာပမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးမြင့်ဦး | သနပ်ပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဒေါက်တာစိန်မြအေး | ဒလမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဒေါ်ဖြူဖြူသင်း | မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးစိုးပိုင်ဌေး | မြိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးစိုင်းဆမ် | မိုင်းယန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၃) | ဦးအာမိုးဆီ | ခေါင်လန်ဖူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၄) | ဦးအောင်သောင်းရွှေ | ဘူးသီးတောင်မဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |
| (၁၅) | ဗိုလ်မှူးကြီးမြင့်ဟန် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ဖြစ်ကြပါတယ်။

ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဒေါက်တာစံရွှေဝင်း၊ ရေကြည်မဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ် တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၂ ကို ဆက်လက်ကျင်းပပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုဆက်လက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းရေးကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။

မူကြမ်း

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ကျွန်တော့်အနေနဲ့ ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

၁။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၂။ ကော်မတီသည်-

(က) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) သဘာဝသယံဇာတပစ္စည်းများကို စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရေးကို အားပေးကူညီ ရမည်။

(ဂ) သယံဇာတပစ္စည်းများ ထုတ်လုပ်ရာတွင် ဂေဟစနစ်မပျက်သုဉ်းစေရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ မပျက်ယွင်းစေရေးအတွက် စိစစ်ညှိနှိုင်းကူညီ ဆောင်ရွက် ရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော် သို့ တင်ပြရမည်။

( င ) သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

( စ ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို စိစစ်ကြားနာ၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၃။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများကိုလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၄။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၅။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီ ဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

( ခ ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ် ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲတင်ပြနိုင်သည်။

( ဂ ) အစီရင်ခံစာကို တင်ပြပြီးသည့်နောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်း ရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

( င ) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များကို မဆန့် ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

( ခ ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

( ဂ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများ**

၁၀။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌ လည်းကောင်း

ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့် အပြင် လွှတ်တော်က သတ်မှတ်ထားသည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲ၊ အခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်၊

( ခ ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ တွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှာ ပါဝင်ရန် လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန် လျာထားတဲ့ ကိုယ်စားလှယ်များကတော့-

| | | | |
|---|---|---|---|
| (၁) | ဦးစိုးသူရထွန်း | ကွမ်းခြံကုန်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဦးအေးနိုင် | ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် | အတွင်းရေးမှူး |

| | | | |
|---|---|---|---|
| (၃) | ဒေါ်မြခွာညိုဦး | ရွှေတောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးနေထက်ဝင်း | ဆင်ပေါင်ဝဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးရည်မွန်(ခ)မောင်တင်သစ် | ပုဗ္ဗသီရိမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် | မိုးကုတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး | ညောင်ရွှေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးမင်းနောင် | ပင်လယ်ဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးသက်နောင် | လဟယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးမြတ်လေးဦး | ထီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးမန်းညွန့်သိန်း | ပန်းတနော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးဂျီဖုန်ဆာရ် | နောင်မွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၃) | ဒေါ်နန်းခင်စော | ကွန်ဟိန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၄) | ဦးလာမာလေး | ဆော့လော်မဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |
| (၁၅) | ဗိုလ်မှူးချုပ်ဝင်းဆွေ | တပ်မတော်သားကိုယ်စားလှယ် တို့ဖြစ်ကြပါတယ်။ | |

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးစိုးသူရထွန်း၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဦးအေးနိုင်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၄ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဖွဲ့စည်းရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး

ဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ကျွန်တော့်အနေနဲ့ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည်-

(က) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်၊

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဂ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်း

လိုက်သည့် ဥပဒေနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့်ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၅။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများကိုလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်များအားလုံး ကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်း များကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများ နှင့် အတူပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

၈။ ကော်မတီကအစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်းလက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကိုရေးသားဖော်ပြ၍လက်မှတ်ရေးထိုးပြီးအစီရင်ခံစာတွင်ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကိုတင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သောကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များပြုလုပ်ခွင့်မရှိ။

( င ) အစီရင်ခံစာကိုဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

( ခ ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကြောင်းအကျိုး ဖော်ပြလျက်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၀။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းအားလုံးကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့်ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကိုခံစားခွင့်ရှိသည့်အပြင်လွှတ်တော်ကသတ်မှတ်ထားသည့်ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် -

**မူကြမ်း**

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဥ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါကဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်၊

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့်ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်ကော်မတီအစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန် လျာထားတဲ့ကိုယ်စားလှယ်များကတော့-

| | | | |
|---|---|---|---|
| (၁) | ဦးတင်မောင်ဝင်း | ဆိပ်ကမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဦးနေဖူးဗဆွေ | ပန်းဘဲတန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဦးကျော်မိုးနိုင် | ရေတာရှည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးအောင်သိုက် | ဆိပ်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးသန်းစိုးအောင် | ပျဉ်းမနားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၇) | ဦးစိုင်းကျော်မိုး | မိုင်းပန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးစိုင်းဦးခမ်း | သိန္နီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးအုန်းခင် | ပုလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးရန်ကျင်းကန် | ကွမ်းလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) | ဦးစစ်နိုင် | မင်းပြားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးတင်အေး | မက်မန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၃) | ဦးနိုင်နိုင်ဝင်း | တမူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၄) | ဦးဇော်ဝင်း | ထန်းတပင်မဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |
| (၁၅) | ဗိုလ်မှူးကြီးအောင်မြင့် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ဖြစ်ကြပါတယ်။

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဦးနေဖူးဗဆွေ ပန်းဘဲတန်းမဲဆန္ဒနယ် တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး နဝမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန် မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**မူကြမ်း**

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၀း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]